## မှတ်ပုံတင်လျှောက်ထားမှုနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ

၁။ အသက် (၁၀) နှစ်ပြည့်(သို့မဟုတ်) (၁၈)နှစ်ပြည့်လျှောက်ထားရာတွင် ပါရှိရမည့် အထောက်အထားများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အသက်(၁၀)နှစ်ပြည့် လျှောက်ထားခြင်းဖြစ်လျှင် ကာယကံရှင်နှင့်အတူ မိဘ (သို့မဟုတ်) အုပ်ထိန်းသူလာရောက်ရမည်။ အသက်( ၁၈ )နှစ်ပြည့် လျှောက်ထားခြင်း ဖြစ်ပါက ကာယကံရှင်ကိုယ်တိုင် လာရောက်ရမည်။

( ခ) လျှောက်ထားသူ အမည်ပါသော အိမ်ထောင်စုလူဦးရေစာရင်း အိမ်လက်ခံ မူရင်းနဲ့မိတ္တူ(၁)စောင် ပါရှိရမည်။

( ဂ) ရွှေ့ပြောင်းလျှောက်လွှာ(မျိုးရိုးစဉ်ဆက်ဇယား ဖြည့်စွက်ပြီး) ပါရှိရမည်။

(ဃ) အသက်အတွက် ကျောင်းထောက်ခံချက်( သို့မဟုတ် ) မွေးစာရင်း မူရင်းနှင့် မိတ္တူပါရှိရမည်။

( င) မိဘ(၂)ပါးကိုင်ဆောင်သော အထောက်အထားလက်မှတ် မူရင်းနှင့် မိတ္တူ ပါရှိရမည်။

( စ) ကာယကံရှင်၏ သွေးစစ်လက်မှတ်မူရင်း ပါရှိရမည်။

(ဆ) ရပ်ကွက်/ ကျေးရွာအုပ်စုအတွင်း နေထိုင်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်ပါရှိရမည်။

( ဇ) (၀.၈ လက်မ× ၀.၈ လက်မ) အရွယ် ဓါတ်ပုံ(၄)ပုံ (မျက်မှန်မပါ) ပါရှိရမည်။

၂။ အသက်(၁၀)နှစ်ပြည့်မှ(၁၈)နှစ်ပြည့် လဲလှယ်ရာတွင် ပါရှိရမည့် အထောက်အထားများမှာအောက်ပါအတိုင်းဖြစ်ပါသည်-

(က) ကာယကံရှင်ကိုယ်တိုင် လာရောက်ရမည်။

( ခ) အိမ်ထောင်စုလူဦးရေစာရင်းမူရင်း နှင့် မိတ္တူ(၁)စောင်ပါရှိရမည်။

( ဂ) ကာယကံရှင် ယခင်ကိုင်ဆောင်ခဲ့သော အသက်(၁၀)နှစ်ပြည့် နိုင်ငံသားစိစစ်ရေး ကတ်ပြားမူရင်း ပါရှိရမည်။

(ဃ) မိဘ(၂)ပါးကိုင်ဆောင်ထားသော အထောက်အထား လက်မှတ်မူရင်း/ မိတ္တူပါရှိ ရမည်။

( င )   ရပ်ကွက်/ ကျေးရွာအုပ်စုအတွင်း နေထိုင်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်ပါရှိရမည်။

( စ )   (၁.၈လက်မ× ၁.၈ လက်မ)အရွယ် ဓါတ်ပုံ(၄)ပုံ (မျက်မှန်မပါ) ပါရှိရမည်။

၃။   ပျောက်ဆုံး/ ပျက်စီး မိတ္တူလျှောက်ထားရာတွင် ပါရှိရမည့် အထောက်အထားများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က)   ကာယကံရှင်၏ ဝန်ခံချက်နှင့် ကိုယ်တိုင်လာရောက် လျှောက်ထားရမည်။

( ခ )   ရှေ့ပြေးလျှောက်လွှာ(မျိုးရိုးစဉ်ဆက်ဖြည့်စွက်ပြီးဇယား) ပါရှိရမည်။

( ဂ )   ပျောက်ဆုံး/ ပျက်စီးမိတ္တူထုတ်ပေးရန်လျှောက်လွှာ (ရပ်ကွက်/ ကျေးရွာအုပ်စု အတွင်း နေထိုင်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ၏ထောက်ခံချက်နှင့် အမှန်တကယ် ပျောက်ဆုံးကြောင်း ရဲစခန်းထောက်ခံချက် ပါရှိသော) ပုံစံထွေ- ၄ ပါရှိရမည်။

(ဃ)   လျှောက်ထားသူအမည်ပါသော အိမ်ထောင်စု လူဦးရေစာရင်း အိမ်လက်ခံမှုရင်းနှင့် မိတ္တူ(၁)စောင်စီ ပါရှိရမည်။

( င )   မိဘ(၂)ပါး ကိုင်ဆောင်သော လက်မှတ်မူရင်း/ မိတ္တူ ပါရှိရမည်။

( စ )   ပျက်စီးပါက ပျက်စီးသည့် ကတ်ပြားမူရင်းနံပါတ် ပါရှိရမည်။